# အမျိုးသားမြေအသုံးချမှု မူဝါဒ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်နှင့်ပါတ်သက်၍ အရပ်ဖက် အဖွဲ့အစည်းများ၏ တောင်းဆိုချက်

သို့

အမျိုးသား မြေအသုံးချမှု ကောင်စီ

အကြောင်းအရာ ။ ။ အမျိုးသားမြေအသုံးချမှုကောင်စီ မြေယာဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များ နှင့် ပတ်သက်၍ ပူးတွဲပါ အရပ်ဖက် အဖွဲ့စည်းများမှ အိတ်ဖွင့်ပေးစာ ပေးပို့ခြင်း။

မြန်မာနိုင်ငံသည် အမျိုးသား မြေအသုံးချမှု မူဝါဒ ကို ၂၀၁၆ ခုနှစ်တွင် ဇန်နဝါရီလ ( ၁ ) နေ့ရက်တွင်ပြဋ္ဌါန်းခဲ့ပါသည်။ ယင်း မြေအသုံးချမှု မူဝါဒသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူများ၏ မြေယာလုပ်ပိုင်ခွင့် အခွင့်ရေးများကို တိုးတက်ကောင်းမွန်အောင် ဦးတည်ရည်ရွယ်မည့် မူဝါဒ ဖြစ်သည်ဟု ရှုမြင်သုံးသပ်ထားပါသည်။ အမျိုးသား မြေအသုံးချမှု မူဝါဒတွင် အောက်ဖေါ်ပြပါအချက်များ ပါဝင်ခဲ့သည်ကို မိမိတို့မှအကောင်းမြင်ကာ ဆက်လက်ဆောင်ရွက်ရာတွင် ၎င်းကောင်းမွန်သည့် အချက်များမှ သွေဖယ်သွားနိုင်ပါသည်။ အမျိုးသား မြေအသုံးချမှုမူဝါဒတွင် ပါဝင်သော ဆန်းစစ်သုတေသန ပြုလုပ်ခြင်း၊ လူထုနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် စမ်းသပ် စီမံချက်များ လေ့လာမှုများ ပြုလုပ်ရန် ဖော်ပြထားသည့် အချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ခြင်း မရှိပါ။ မူဝါဒတွင် တိုင်းရင်းသား လူမျိုးစုများ၏ အသုံးချလျက်ရှိသော မြေများကို မှတ်ပုံတင်ခြင်း၊ မြေအမျိုးအစား ပြန်လည်သတ်မှတ်ခြင်း မပြုရသေးမီ အခြားမြေ အသုံးချခွင့်ပြုခြင်းအား ဆိုင်းငံ့ထားရမည်ဟု ဖော်ပြပါရှိပါသည်။ သို့ရာတွင် မကြာသေးမီက ပြုလုပ်လျက်ရှိသော ဥပဒေပြင်ဆင်မှုများသည် တိုင်းရင်းသားပြည်သူတို့အား ၎င်းတို့၏ မြေများမှ ဖယ်ရှားကာ မြေယာ လက်မဲ့ ဖြစ်မှု နှင့် မြေယာ လုပ်ပိုင်ခွင့် အငြင်းပွားမှုများ တိုးပွားလာအောင် တွန်းအားပေး နေသကဲ့သို့ ဖြစ်နေသည်။

သို့သော် ယင်းမူဝါဒကို ပြဋ္ဌါန်းခဲ့သည့် ၂၀၁၆ ခုနှစ်မှစတင်ကာ လက်တွေ့လုပ်ငန်းများကို အကောင်ထည်ဖေါ်ဆောင်ရွက်ရာတွင် အောက်ဖေါ်ပြပါ လိုအပ်ချက်များ ရှိခဲ့သည် ကို တွေ့မြင်ခဲ့ပါသည်။

- ❖ အစိုးရသည် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများကို ပြင်ဆင်ရန် (သို့မဟုတ်) ပြောင်းလဲအစားထိုးခြင်း များ လုပ်ဆောင်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ပြင်ဆင်သော ဥပဒေများ ၊ ထုတ်ပြန်လျက်ရှိသော ဥပဒေများသည် အမျိုးသားမြေအသုံးချမှု မူဝါဒ နှင့် သွေဖီဆန့်ကျင်နေသည်ကို တွေ့ရပါသည်။
- ❖ ထို့သို့ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ စနစ်ကျသော တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ မရှိသလို ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အပြည့်အဝကိုယ်စားပြု ပါဝင်မှု မရှိသည့် ဆွေးနွေးမှုများပြုလုပ်နေသည့်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ အရပ်ဘက် အဖွဲ့အစည်းများက တညီတညွတ်တည်း ဝေဖန်ဆန့်ကျင်လျက်ရှိပါသည်။

- ❖ အမျိုးသားမြေအသုံးချမှု မူဝါဒအား အကောင်အထည်ဖော်ရာတွင် မည်သည့်အပိုင်းကို မည်သို့ အကောင်အထည်ဖော်ဆောင်နေသည်ဆိုသော အချက်အလက်များ လုပ်ငန်းစဉ်များအား များပြည်သူ သိရှိနိုင်စေရန် သေချာစွာ ထုတ်ပြန်ခြင်းမရှိသလို လူထုအနေဖြင့် ပူးပေါင်းပါဝင်နိုင်မှု အခွင့်အလမ်း သည်လည်း အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။
- ❖ အစိုးရအနေဖြင့် အကြံဉာဏ်များရယူရာတွင် အနည်းငယ်သော အရပ်ဘက်အဖွဲ့အစည်း များထံမှသာ ရယူမှီခိုလျက်ရှိပြီး မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်း အမြောက်အများကို ယင်းလုပ်ငန်းစဉ်များမှ ဖယ်ထုတ်ထားသည်ကိုတွေ့ရှိရပါသည်။

ထို့ပြင် အမျိုးသားမြေအသုံးချမှု ကောင်စီမှ နည်းပညာ ဆိုင်ရာ အကြံပေး အဖွဲ့ကို ၂၀၁၉ ခုနှ ၊ ဇူလိုင်လ (၂) ရက်နေ့တွင် ဖွဲ့စည်း ခဲ့ပါသည် ။ ၎င်းနောက်တွင် အမျိုးသားမြေယာ ဥပဒေ ရေးဆွဲပြုစုရေး နှင့် မြေစီမံခန့်ခွဲမှု ဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီကော်မတီများ ၊ အထောက်ကူပြု လုပ်ငန်း ကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းခဲ့သည်။ ယင်းသို့ဖွဲ့စည်းရာတွင် အရပ်ဖက်အဖွဲ့စည်း ကိုယ်စားလှယ်များဟုဆိုကာ ထည့်သွင်းဖွဲ့စည်းခဲ့သော်လည်း မည်သို့သော် ကိုယ်စားပြုမှုဖြင့် ရွေးချယ်ခဲ့သည်ကို မသိရှိရပါ။ထို့အပြင် အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များကို တောင်သူလယ်သမား ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းအား လက်ခံနိုင်ဖွယ်မရှိပါ။ နိုင်ငံတဝှမ်း မြေယာ ကဏ္ဍတွင် တက်ကြွ လုပ်ဆောင်နေကြသော အခြားသော အရပ်ဖက် အဖွဲ့စည်းများ ကို ပါဝင်ခွင့် မပေးခဲ့ သည့်အတွက်၊ အဆိုပါအရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့်လည်း မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပါဝင်ခွင့် နှင့်ဆက်သွယ် ဆောင်ရွက် နိုင်သည့် အခွင့်လမ်းများ ဆုံးရှုံးနေပါသည်။ ၎င်းအပြင် အတည် မပြုနိုင်သေးသော သတင်းများအရ အမျိုးသားမြေ ဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး အလုပ်ရုံဆွေးနွေး ပွဲများ ပြုလုပ်မည် ဟုသိရှိရပါသည်။ မိမိတို့ အရပ်ဖက် အဖွဲ့စည်များ အနေဖြင့် အမျိုးသားမြေ ဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်များအား အမျိုးသားမြေအသုံးချမှု ကော်မတီ နှင့် ကော်မတီခွဲများမှ စိတ်ကြိုက်ရေးဆွဲပြီး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း အားကန့်ကွက်ပါသည်။

ပူးတွဲပါအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အောက်ဖော်ပြပါ အချက်များအား

- ❖ အမျိုးသားမြေယာဥပဒေ ရေးဆွဲရာတွင် အမျိုးသားမြေအသုံးချမှုမူဝါဒကိုသာ အခြေခံ၍ ရေးဆွဲရန်
- ❖ အမျိုးသားမြေယာဥပဒေ ရေးဆွဲရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း အများအပြားမှ ကန့်ကွက်ဝေဖန်နေကျသည့် လက်ရှိတည်ဆဲမြေယာဥပဒေများနှင့် သဟဇတဖြစ်စေရန် ရည်ရွယ်၍ မရေးဆွဲရန်
- ❖ အမျိုးသားမြေယာဥပဒေ ရေးဆွဲရာတွင် ထိုဥပဒေမရေးဆွဲခင် အဆင့်မှစ၍ မြေယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဘက်ပေါင်းစုံမှ ပါဝင်သင့် ပါဝင်ထိုက်သောသူများ ပါဝင်ခွင့်ပေးရန်နှင့် သဘောထားအမြင်များကို အလေးထား ထည့်သွင်းပေးရန်
- ❖ အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်

ဤအကြံပြုစာ ကိုအောက်ဖေါ်ပြပါ အရပ်ဖက် အဖွဲ့စည်းများမှ ပေးပို့ တောင်းဆို အပ်ပါသည်။

ဆက်သွယ်ရန်

၁။ ဦးမျိုးသန့်
Farmer Affairs Network (FAN)
ဖုန်း - ၀၉၄၅၆၇၈၈၉၉၇

၂။ ဦးသန့်စင် (ကိုဒိုးကြီး)
Action Group for Farmer Affairs (AGFA)
ဖုန်း - ၀၉၂၀၃၇၈၉၀

၃။ ကိုစည်သူ
ဒို့မြေကွန်ရက် (LIOH)
ဖုန်း - ၀၉၄၅၆၇၈၈၉၉၇

၄။ မဇင်မာဝင်း
Action Group for Farmer Affairs (AGFA)
ဖုန်း - ၀၉၇၉၈၀၁၈၁၁၅

၅။ ဆလိုင်းဂျင်မိရိစာအွေး
Ethnic Concern
ဖုန်း - ၀၉၄၅၃၈၅၈၄၂၉

ပူးတွဲတောင်းဆိုချက်တွင် ပါဝင်ထောက်ခံသော အရပ်ဖက်အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | တိုင်းဒေသကြီးနှင့် ပြည်နယ် |
|---|---|---|
| ၁။ | ဒို့မြေကွန်ရက် | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ပေါင်းကူး | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | Metta Development Foundation | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | Dawei Watch Foundation | တနင်္သာရီတိုင်းဒေသကြီး |
| ၅။ | Law Home | ကယားပြည်နယ် |
| ၆။ | CPRCG | ပဲခူးတိုင်းဒေတိုင်းကြီး |
| ၇။ | AGFA | မန္တလေးတိုင်းဒေသကြီး |
| ၈။ | Thazin Legal Aid | ရခိုင်ပြည်နယ် |
| ၉။ | Kachin Probono Lawyer Network | ကချင်ပြည်နယ် |
| ၁၀။ | Taunggyi Rule of Law Network | ရှမ်းပြည်နယ် |
| ၁၁။ | Kawthaung Legal Awareness Network | ကော့သောင်း၊ တနင်္သာရီတိုင်းဒေသကြီး |
| ၁၂။ | Mong Pan Youth Association | ရှမ်းပြည်နယ် |
| ၁၃။ | Myeik Lawyer Group | မြိတ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၁၄။ | Kayah Earthrights Action Network | ကယားပြည်နယ် |

| | | |
|---|---|---|
| ၁၅။ | Heartland Foundation | ရှမ်းပြည်နယ် |
| ၁၆။ | Action Group for Farmer Affair | ပဲခူးတိုင်းဒေသကြီး |
| ၁၇။ | ဝါးစိမ်းတောင်ကာကွယ်ရေး ကော်မတီ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | လပွတ္တာ တောင်သူလယ်သမား သမဂ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၉။ | ရှမ်းပြည်နယ်မြောင်ပိုင်း မြေယာနှင့် သဘာဝပတ်ဝန်းကျင်<br>စီမံခန့်ခွဲရေးကော်မတီ | ရှမ်းပြည်နယ် |
| ၂၀။ | ဧရာဝတီမြစ် အနောက်ဖက်ခြမ်း ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့ | မင်းဘူး၊ မကွေးတိုင်းဒေသကြီး |
| ၂၁။ | ဧရာ - သလ္လာ အဖွဲ့ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂။ | ရှမ်းမြောက် ဥပဒေ အထောက်အကူပြုရေး စင်တာ | ရှမ်းပြည်နယ် |
| ၂၃။ | ကျွန်းတစ်ထောင်ဖောင်ဒေးရှင်း | ရှမ်းပြည်နယ် |
| ၂၄။ | သံလွင်စက် | ပဲခူးတိုင်းဒေသကြီး |
| ၂၅။ | တနင်္သာရီ မိတ်ဆွေများ အဖွဲ့ | တနင်္သာရီတိုင်းသေသကြီး |
| ၂၆။ | တောင်ပိုင်းလူငယ်အဖွဲ့ | တနင်္သာရီတိုင်းဒေသကြီး |
| ၂၇။ | Dawei Probono Lawyer Network | ထားဝယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂၈။ | ကျိုင်းတုံမြေယာအဖွဲ့ | ရှမ်းပြည်နယ် |
| ၂၉။ | သိမ်းဆည်းမြေများ ပြန်လည်ရရှိရေး ကော်မတီ | ပဲခူးတိုင်းဒေသကြီး |
| ၃၀။ | WON Kayin | ကရင်ပြည်နယ် |
| ၃၁။ | ကွတ်ခိုင်နယ် ကချင်နှစ်ချင်း အသင်းတော်များအဖွဲ့ | ရှမ်းပြည်နယ် |
| ၃၂။ | မွန်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MACDO) | မွန်ပြည်နယ် |
| ၃၃။ | Ayeyarwaddy Youth Network | ဧရာဝတီတိုင်းဒေသကြီး |
| ၃၄။ | Pone Yeik Sit Social Development Organization | ဧရာဝတီတိုင်းဒေသကြီး |
| ၃၅။ | Ethnic Concern | ချင်းပြည်နယ် |
| ၃၆။ | Farmer Affair Network | ရန်ကုန်တိုင်းဒေသကြီး |
| ၃၇။ | Human Rights and Legal Center | ကချင်ပြည်နယ် |
| ၃၈။ | Winemaw Civil Society Network | ကချင်ပြည်နယ် |
| ၃၉။ | ရွှေခြံမြေကွန်ယက်၊ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မရေး<br>လှုပ်ရှားဆောင်ရွက်မှု ကော်မတီ။ | ရန်ကုန်တိုင်းဒေသကြီး |
| ၄၀။ | Area Peace and Development Forward (APDF) | ချင်းပြည်နယ် |
| ၄၁။ | Mwetaung Area Development Group (MADG) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂။ | Chin Farmers Network (CFN) | ချင်းပြည်နယ် |
| ၄၃။ | Network for Chin Community Development (NCCD) | ချင်းပြည်နယ် |
| ၄၄။ | ရွှေခြသေ့တောင်သူအဖွဲ့ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၅။ | ပွင့်ဖြူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | မကွေးတိုင်းဒေသကြီး |
| ၄၆။ | Minbu Farmer Association | မကွေးတိုင်းဒေသကြီး |
| ၄၇။ | ငဖဲမြို့နယ်တောင်သူလယ်သမားများအသင်းအဖွဲ့ | မကွေးတိုင်းဒေသကြီး |
| ၄၈။ | လွတ်လပ်သော အရှိုချင်းများအဖွဲ့ | မကွေးတိုင်းဒေသကြီး |
| ၄၉။ | Legal Knowledge Sharing Group (LKSG) | မန္တလေးတိုင်းဒေသကြီး |
| ၅၀။ | Kadu Youth Development Association | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁။ | Ayeyarwaddy Common Space | ဧရာဝတီတိုင်းဒေသကြီး |
| ၅၂။ | Humanity Institute | ကချင်ပြည်နယ် |
| ၅၃။ | Peace Development & Civi Engagement Organization (PDCE) | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၄။ | Kyauk Phyu Rural Development Association | ရခိုင်ပြည်နယ် |

| | | |
|---|---|---|
| ၅၅။ | Save the Natural Resources (SaNaR) | ရှမ်းပြည်နယ် |
| ၅၆။ | Sar Du Wor | ကရင်ပြည်နယ် |
| ၅၇။ | Open Development Foundation | ချင်းပြည်နယ် |
| ၅၈။ | တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အခြေခံ အလုပ်သမား သမဂ၊ ဝါးနက်ချောင်းကျေးရွာ။ မှော်ဘီ။ | ရန်ကုန်တိုင်းဒေသကြီး |
| ၅၉။ | Myanmar Environmental Legal Service | ရန်ကုန်တိုင်းဒေသကြီး |
| ၆၀။ | အံဒင်လူငယ်အဖွဲ့၊ ရေးမြို့နယ်။ | မွန်ပြည်နယ် |
| ၆၁။ | စိမ်းရောင်စို | မန္တလေးတိုင်းဒေသကြီး |
| ၆၂။ | Paralegal Network | ပဲခူးတိုင်းဒေသကြီး |
| ၆၃။ | နားခရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ကွတ်ခိုင်) | ရှမ်းပြည်နယ် |
| ၆၄။ | K.G.Z (ကွတ်ခိုင်) | ရှမ်းပြည်နယ် |
| ၆၅။ | M.G.Z (မူဆယ်) | ရှမ်းပြည်နယ် |
| ၆၆။ | S.G.Z (လားရှိုး) | ရှမ်းပြည်နယ် |
| ၆၇။ | မုံးစီးတောင်သူအဖွဲ့ (တာမိုးညဲ) | ရှမ်းပြည်နယ် |
| ၆၈။ | မုံးကိုးတောင်သူအဖွဲ့ (မူဆယ်) | ရှမ်းပြည်နယ် |
| ၆၉။ | နမ့်ခမ်းတောင်သူအဖွဲ့ (နမ့်ခမ်း) | ရှမ်းပြည်နယ် |
| ၇၀။ | Justic society (လားရှိုး) | ရှမ်းပြည်နယ် |
| ၇၁။ | လက်ဖက်တောင်သူအဖွဲ့ (မိုးမိတ်) | ရှမ်းပြည်နယ် |
| ၇၂။ | ၈၈ ငြိမ်းချမ်းရေး (မိုးမိတ်) | ရှမ်းပြည်နယ် |
| ၇၃။ | တအာန်းစာယဉ် (နမ့်ဆန်) | ရှမ်းပြည်နယ် |
| ၇၄။ | တောင်သူသမဂ (ကျောက်မဲ) | ရှမ်းပြည်နယ် |
| ၇၅။ | တောင်သူသမဂ (သီပေါ) | ရှမ်းပြည်နယ် |
| ၇၆။ | နမ္မတောင်သူအဖွဲ့ (သီပေါ) | ရှမ်းပြည်နယ် |
| ၇၇။ | ရွက်စိမ်းန (သိန္နီ) | ရှမ်းပြည်နယ် |
| ၇၈။ | တောင်သူလယ်သမားဖွံ့ဖြိုးရေးအဖွဲ့ (ဟိုပန်) | ရှမ်းပြည်နယ် |
| ၇၉။ | တောင်သူသမဂ (နောင်ချို) | ရှမ်းပြည်နယ် |
| ၈၀။ | သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေး (နမ္မတူ) | ရှမ်းပြည်နယ် |
| ၈၁။ | Green Land Foundation (မန်တုံ) | ရှမ်းပြည်နယ် |
| ၈၂။ | မြေယာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ကွတ်ခိုင်) | ရှမ်းပြည်နယ် |
| ၈၃။ | ရှမ်းစာယဉ် (တန့်ယန်း) | ရှမ်းပြည်နယ် |
| ၈၄။ | တအာင်းအမျိုးသမီးကွန်ယက်အဖွဲ့ (ကွတ်ခိုင်) | ရှမ်းပြည်နယ် |
| ၈၅။ | လွိုင်ဆမ်ဆစ်သဘာဝပတ်ဝန်းကျင်အဖွဲ့ (ကွတ်ခိုင်) | ရှမ်းပြည်နယ် |
| ၈၆။ | ငြိမ်းသံလွင် (ကွမ်းလုံ) | ရှမ်းပြည်နယ် |
| ၈၇။ | တအာင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (လားရှိုး) | ရှမ်းပြည်နယ် |
| ၈၈။ | ခနေစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (နောင်ချို) | ရှမ်းပြည်နယ် |
| ၈၉။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (နမ့်ဖက်ကာ) | ရှမ်းပြည်နယ် |